
စိတ်ကိုတူးချိုချိုအာနုမညာ

# မြို့အုပ်မင်းဆို ဘုံရုံကာဗျာ

## မောင်ထင်



mgyoe.com

ဒုတိယအကြိမ်

mgyoe.com

မြန်မာပြည် အုပ်ချုပ်ရေး

၁

ဆယ်အိမ်ခေါင်းခြွေအရံ၊
နှစ်လုံးပြုံးသေနတ်ထမ်းပါလို့၊
တောလမ်းကပြန်။
လက်စွဲတဲ့ဥပဒေလှန်၊
ဟန်ပန်နှင့်လေး။
‘ကျေးရွာအကက်’ အမှုပွေတယ်၊
ဆယ့်နှစ်ထွေသံစုံတီးပါလို့၊
သူကြီးတဲ့လေး။ ။

၂

လူခွန်တော်အလွတ်ထားလို့၊
ဆယ်အိမ်စားပိုင်အခြေ။
ကြက်ပိုင်းဆိုလက်ကိုတို့ပါဗျာ၊
မူးလို့ရယ်နေ။
ကွမ်းဖိုးငွေ
ဝေစုကွဲ့ရအောင်တောင်း။
ဥပဒေဘာမတတ်သော်လည်း
မှုပွေအောင် ရွာကိုပတ်နိုင်ရဲ့၊
ဘယ်ဇာတ်ဘယ်လိုခင်းလိုက်မယ်၊
မင်းဆယ်အိမ့်ခေါင်း။ ။

၃

သတ္တိဆို ဘာမရှိသော်လည်း
မိုက်ပါဘိငါ့ကိုယ်။
ခွေးမှန်လျှင် လူမမှတ်ပါဘူး၊
ရိုက်တတ်သူဗိုလ်၊
မူးတယ်ဟေ့ ရဲရင်ဆို၊
‘မအေ’ ကို ကော်ဆဲ။
လက်ထိတ်ကို အဖော်ထားတယ်၊
တောသားတဲ့ဘဲ။ ။

ဇာစ်မြစ်ကို ပြောရသော် မှူထမ်း ရာထမ်း ဦးစီးခေါင်းဆောင်တို့ တည်းခိုရန် အဆောက်အအုံကို "ဗိုလ်တဲ" ဟု ခေါ်ရာမှ "ဗိုလ်ရုံ" ဖြစ်လာသည်ဟု ဆိုနိုင်စရာ အကြောင်းရှိသည်။ စင်စစ် လူတကာ အများသုံးပစ္စည်းကို ဘုံပစ္စည်းဟုခေါ်နိုင်လျှင် "ဗိုလ်ရုံ" ကို ဘုံရုံဟု အမည်ပေးနိုင်စရာ အကြောင်းမရှိချေ။ ဤသို့ တွေးမိသောကြောင့် "ဗိုလ်တဲ" သို့မဟုတ် "ဗိုလ်ရုံ" မှာ တည်းခိုရင်း အပျင်းပြေကဗျာစပ်သည်ကို အကြောင်းပြု၍ ကျွန်တော်က "ဘုံ" ဟူသော ဝေါဟာရကို အစွဲပြုပြီးလျှင် "ဘုံရုံကဗျာ" ဟု မှည့်ခေါ်ခဲ့သည်။ စင်စစ် ဤကဗျာများသည် ကျွန်တော်ဝါသနာမပါဘဲ ဝမ်းရေးကိုငဲ့ပြီး အလုပ်လုပ်နေရသဖြင့် ဗိမိကိုယ်ဗိမိ စိတ်တိုင်းမကျသောကြောင့် ဗိမိကိုယ်ကို ဗိမိ လှောင်ပြောင်ရင်း ဟာသတတ်ခံဖြင့် တစ်ကိုယ်တည်း ညည်းသော ကဗျာများဖြစ်သည်။ နောင်အခါတွင် ဗိတ်ဆွေစာပေဝါသနာရှင်တို့သည် ရကန်အဖွဲ့ဖြင့် အဖြီးအပေါက်မတည့်သော လောကကြီးကို အတွင်းကျိတ် ရယ်တတ်ကြသည် ဖြစ်ခြင်းကြောင့် ကျွန်ုပ်၏ မြေတိုင်းစာရေးသည် သူ၏အတိတ်ကာလထဲမှ နေ၍ ကျွန်ုပ်အား တခစ်ခစ်နှင့်ရယ်နေလိမ့် ထင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်တော်သည် သူ့ကို ရယ်စရာဟု သဘောမထားနိုင်ပါ။ ကျွန်တော်သာလျှင် သူ့တွက် ရယ်စရာဖြစ်နေပါလိမ့်မည်။ သူရယ်လျှင် ကျွန်တော် အပြစ်မဆိုပါ။ စာဖတ်သူတို့သည်လည်း ကျွန်တော့်ကို ဝိုင်း၍ "ဟား"နိုင်ပါသည်။

မောင်ထင်

ISBN9789997119476
MGH13
9 789997 119476
1,000.00KS

mgyoe.com

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# မြို့အုပ်မင်းဆို ဘုံရုံကာဗျာ

မောင်ထင်

ဒုတိယအကြိမ်၊ ၂၀၁၉

mgyoe.com

mgyoe.com

မြို့အုပ်မင်းဆို ဘုံရုံကတွာ၊ မောင်ထင်
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
စာမျက်နှာ ၇၀ မျက်နှာ၊ ၁၂·၈ စင်တီ× ၁၈·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဒီဇင်ဘာလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၀၁ ခု၊ စာအုပ်ဈေးစာအုပ်တိုက်၏ ပထမအကြိမ်မှု

ရောင်းဈေး ၁ ၀ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| – | ဒုတိယအကြိမ် ပုံနှိပ်ခြင်းအတွက် စီစဉ်သူရဲ့အမှာ | ၁ |
| – | နိဒါန်း | ၁၁ |
| ၁။ | မြန်မာပြည် အုပ်ချုပ်ရေး | ၂၃ |
| ၂။ | တိုင်းခန်းလှည့်လည်ခြင်း | ၂၅ |
| ၃။ | သမ္မန်ပြာတာ | ၂၆ |
| ၄။ | မြို့အုပ်မင်း၏ လွတ်လပ်ရေးတေးသံ | ၃၀ |
| ၅။ | အလုပ်ဝတ္တရား | ၃၂ |
| ၆။ | မြို့အုပ်မင်း | ၃၃ |
| ၇။ | ပုလိပ်တော်မင်း | ၃၄ |
| ၈။ | ချာပရာစီ | ၃၅ |
| ၉။ | မြေတိုင်းစာရေး ကွန်ပါကြိမ်း | ၃၆ |
| ၁၀။ | မြို့အုပ်မင်း၏ တစ်ကိုယ်တည်းညည်းသံ | ၃၉ |
| ၁၁။ | မြို့အုပ်မင်းဆို အင်းခံဝန်ပျောက်ရှာတော်ပုံ | ၄၉ |
| ၁၂။ | မြို့အုပ်လောင်းဆုံးမစာ | ၅၃ |


mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၁၃။ | မြို့အုပ်မင်း၏ ခေတ်စမ်းတေးသံ | ၅၆ |
| ၁၄။ | တောင်ကုတ်သို့ | ၅၉ |
| ၁၅။ | အဓိဋ္ဌာန် | ၆၁ |
| ၁၆။ | မြို့အုပ်နှင့် စာဆို | ၆၃ |
| ၁၇။ | လူ့ခွန်တော်ပတ်ယိုင် သီချင်း | ၆၅ |
| ၁၈။ | ခေတ်သစ်မြို့အုပ်ပေါက်စသို့ | ၆၈ |


❒

mgyoe.com

mgyoe.com



# ဒုတိယအကြိမ် ပုံနှိပ်ခြင်းအတွက် စီစဉ်သူရဲ့ အမှာစာ

အဖေရဲ့ ကဗျာအကြောင်းရေးမယ်ဆိုရင် အဖေ့ရဲ့စာပေမိတ်ဆွေကြီးတွေ ရေးကြတဲ့ ပေးစာအကြောင်းနဲ့ ဆောင်းပါးတွေအကြောင်း ရေးပြမှ ပိုပြီး ပြည့်စုံမယ် ထင်ပါတယ်။

အဖေ့ရဲ့ ဆွဲဗီရိုထဲမှာ မိတ်ဆွေတွေက ပေးတဲ့စာတွေကို စုစည်းပြီး တွဲထားတဲ့ စာဖိုင်တွေ ရှိပါတယ်။

တစ်နေ့မှာတော့ ဆရာ မောင်ကြည်သန့်က အဲဒီစာတွေကို အောက်ခြေမှတ်စုလေးတွေရေးပြီး စာအုပ်ထုတ်ဖို့ အကြံပေးလာပါတယ်။ ဒါကြောင့်မို့ အဖေ့မိတ်ဆွေတွေရဲ့ ပေးစာဖိုင်ကို မွှေနှောက်ကြည့်ဖြစ်ပါတယ်။ စာဖိုင်ထဲက စာတွေကို လက်ရေးနဲ့တစ်မျိုး၊ မိတ္တူကူးလို့တစ်ဖုံ စုစည်းပြီး ဆရာမောင်ကြည်သန့်ဆီ ပို့ပါတယ်။ ကျွန်တော်နဲ့ တစ်လမ်းတည်းမှာ နေတဲ့သူဆိုတော့ လုပ်ရကိုင်ရတာ လွယ်ကူပါတယ်။ ဒါပေမဲ့ အကြောင်းမတိုက်ဆိုင်တော့ ဆရာမောင်ကြည်သန့်ဟာ နှလုံးရောဂါ ဖောက်လာပြီး ဆေးရုံတင်လိုက်ရာက ဆေးရုံမှာ ကွယ်လွန်သွားရှာလို့ ကျွန်တော်တို့နှစ်ယောက်ရဲ့ အစီအစဉ်ပျက်ပြယ်သွားခဲ့ရပါတယ်။

mgyoe.com

mgyoe.com


အဖေ့မိတ်ဆွေတွေပေးကြတဲ့ စာတွေကို ရှာဖွေကြည့်တဲ့အခါ အစောဆုံးအနေနဲ့ ၁၉၃၈–၃၉ ခုနှစ်က ပေးစာတွေကို စတွေ့ပါတယ်။ စာရင်းချကြည့်တော့ ဆရာလူထုဦးလှရဲ့ စာ ၉ စောင်၊ ဆရာသိပ္ပံမောင်ဝ ရဲ့ စာ ၃ စောင်၊ ဆရာမင်းသုဝဏ် (ဦးဝန်) ရဲ့ စာ ၂ စောင် စုစုပေါင်း စာ ၁၄ စောင်ကို ရှာတွေ့ပါတယ်။ အဲဒီ စာ ၁၄ စောင်မှာ အဲဒီခေတ် အခါက ထုတ်ဝေခဲ့တဲ့ ဂန္ထ လောကမဂ္ဂဇင်း၊ ကြီးပွားရေးမဂ္ဂဇင်းတွေနဲ့ ပတ်သက်တဲ့ အကြောင်းအရာ တစေ့တစောင်းကို လေ့လာခွင့်ရခဲ့ပါ တယ်။ ခေတ်စမ်းစာပေရဲ့ မူလအစလို့ ပြောလို့ရနိုင်ပါတယ်။

ဆရာကြီးတွေရဲ့ ပေးစာတွေကို စာရင်းချကြည့်ရင်း နာမည်တွေ ကို တန်းစီပြီး ရွတ်လိုက်တဲ့အခါ၊ မောင်လှ၊ မောင်ဝ၊ မောင်ဝန်ဆိုပြီး စာရဲ့အဆုံးမှာ အဲဒီလိုပဲ လက်မှတ်ထိုးထားကြတာ တွေ့ရပါတယ်။

ဆရာမင်းသုဝဏ်ရဲ့ပေးစာမှာ မောင်ခွေးဘို့ ကဗျာစာအုပ် ထုတ် ဝေခြင်းကိစ္စ၊ ကဗျာကို ခတ်ပြားသွင်းပြီး ထုတ်ဝေမယ့် ကိစ္စ၊ ဂန္ထလောက မဂ္ဂဇင်းထွက်ရှိမယ့်ကိစ္စတွေကို လေ့လာဖတ်ရှုခွင့်ရခဲ့ပါတယ်။

အဖေ့ရဲ့ ဘုံရုံကဗျာကိစ္စနဲ့ ပတ်သက်ပြီးတော့လည်း ဆရာသိပ္ပံ မောင်ဝ၊ ဆရာလူထုဦးလှတို့ရဲ့ ပေးစာတွေကနေတစ်ဆင့် သိခွင့်ရခဲ့ပြန် ပါတယ်။

ဆရာလူထုဦးလှရဲ့ ပေးစာအမှတ် ၆ မှာ

ဘုံရုံကဗျာကို မန္တလေးက လူတွေကတော့ သိပ်ကြိုက်တာ ပဲလေ။ ကျွန်တော့်ယောက္ခမလောင်းကြီးတွေက သာကြိုက်သေး တယ်ဗျာ။ တပြောပြောနဲ့ပဲ။ သူတို့ကို စုပြီး စာအုပ်ရိုက်မယ်လေ၊ နည်းများ နည်းသေးသလားလို့ဗျာ။

ပေးစာရဲ့ နေ့စွဲက ၁၃၊ ၁၀၊ ၃၉ လို့ နေ့စွဲတပ်ထားပါတယ်။ လူထုဦးလှရဲ့ ပေးစာအမှတ် ၉ မှာ

mgyoe.com

mgyoe.com


ဘုံရုံကဗျာကို ဒီလိုကြံတယ်ဗျာ.... ....
ကိုဝန်တို့၊ ကိုခင်ဇော်တို့လည်း စာအုပ်ကောင်းကောင်းတွေ ထုတ်ကြတော့ ကျွန်တော်တို့၊ ကိုဘဂျမ်းရဲ့ ပုံကလေးတွေနဲ့ သူတို့လောက် အခံ့စားကြီး မဟုတ်ပေမဲ့ အသင့်အတင့် စာအကောင်းစားလေး ခြောက် ပဲတန်လောက် လုပ်ကြည့်ချင်တယ်။ ရယ်စရာပေါ့ဗျာ။ ကိုဘဂျမ်း အရုပ်ကလေးတွေနဲ့ဆို နေရာကျမှာဗျာ။

ဆရာလူထုဦးလှရဲ့အကြံအစည်ဟာ မအောင်မြင်ခဲ့ပါဘူး။ အောင်မြင်ခဲ့ရင်တော့ ကာတွန်းဆရာကြီးဦးဘဂျမ်းရဲ့ သရုပ်ဖော်ပုံတွေနဲ့ ဘုံရုံကဗျာစာအုပ်ကို မြင်ခွင့်ရကြမှာပါ။

ဒီစာတွေထဲက ဆရာသိပ္ပံမောင်ဝ ၁၉၃၉ ခုနှစ်၊ ဇူလိုင်လ၊ ၂၉ ရက်နေ့စွဲနဲ့ ရွှေဘိုကနေ ရေးလိုက်တဲ့စာဟာ အဖေ့ရဲ့ ဘုံရုံကဗျာစာအုပ်အတွက် အထောက်အထားပြစရာ ဖြစ်ခဲ့ပါတယ်။ လွန်ခဲ့တဲ့ ၇၅ နှစ်ကျော်ကာလက အကြောင်းအရာတွေ ဆိုပေမဲ့ မနေ့တစ်နေ့က အဖြစ်အပျက်တွေလိုပဲ ကျွန်တော့်စိတ်ထဲမှာ တွေးထင်နေခဲ့ပါတယ်။

ဆရာသိပ္ပံမောင်ဝရဲ့ ပေးစာ ဒုတိယပိုဒ်မှာ –

ကြီးပွားရေးထဲက အင်းခံ့ဝန်ပျောက် ရှာပုံတော် ဘတ်ရလို့ အင်မတန်သဘောကျတယ်။ သူတကာတော့ မပြောတတ်ဘူး၊ အင်းသားတွေအကြောင်း သိတဲ့လူတိုင်း သဘောကျမှာ အမှန်ဘဲ။ အင်းသားတွေက ငါတို့နယ်ကို လူအေးတို့၊ မောင်ထင်တို့လို ငနဲတွေ ရောက်တာ ကံဆိုးတာပဲလို့ အောက်မေ့ကြမှာ အမှန်ဘဲ။ ဒီငနဲတွေ ပယောဂကြောင့် သူတို့ရဲ့ လိမ်လည်မှုအကြောင်းတွေကို ကောင်းကောင်းကြီး သိကုန်ကြတော့တယ်။ ကိုရင်ရဲ့ကဗျာကို ဘတ်ရတော့ လွန်ခဲ့တဲ့ ခြောက်နှစ် ခုနစ်နှစ်လောက်က ညောင်တုန်းမှာ နေထိုင်ခဲ့ရတဲ့ အကြောင်းတွေ ပြန်ပြီး မျက်စိထဲ

mgyoe.com

mgyoe.com



မြင်မိတယ်။ ခေတ်စမ်း ၂ မှာ ပါတဲ့အကြောင်းတွေဟာ အများအားဖြင့် ညောင်တုန်းနယ်ကချည်းပဲ။ ရွာကျက်သရေဟာ ကုက္ကိုဝရွာပေါ့။ ဆရာစော ရှိသေးလား။ သူကြီးဦးဘိုးထုံးတော့ အင်းခံဝန်နဲ့ ပတ်သက်ပြီး ထောင်ကျသွားတယ်လို့ ကြားရတယ်။ တပေကုလားသူကြီး ဦးငွေရ တစ်ယောက်ကော။ သူကြီးဘဝနဲ့ပဲ ရှိသေးလား။ အရင်တစ်လောကတော့ သူကြီးဘဝက နုတ်ထွက်မယ် ကြားတယ်။ ရန်ကုန်က ဦးပါတူရဲ့ ဆေးလိပ်ရုံပိုင်ရှင်၊ ဦးပါတူရဲ့ဇနီးဟာ ဦးငွေရရဲ့ နှမပေါ့။....

လို့ ဆိုပြီး ဆရာသိပ္ပံမောင်ဝရဲ့ ပေးစာထဲမှာ ဖတ်ရှုရပါတယ်။ (မူရင်း စာလုံးပေါင်းသတ်ပုံအတိုင်း ကူးယူဖော်ပြထားတာ ဖြစ်ပါတယ်။)

ဆရာသိပ္ပံမောင်ဝရဲ့ စာမှာပဲ... သဇင်ရေကျော်ရွာက အရင်လိုပဲ ဆိုးနေခိုးနေကြသေးသလား၊ ငါးအခိုးဘဝမှာတော့ သဇင်ရေကျော်ရွာလောက် ဆိုးတဲ့ရွာရှိမယ် မထင်ဘူး။ သုံးနှစ်လောက်မှာ သူကြီး လေးယောက်လောက်ပြောင်းရတယ်။ ဆားမလောက်သူကြီး ဦးစစ်ခိုကော အရင်ကလို ဒေါသကြီးသေးသလား။ အလုပ်တော့ တော်တော် ကောင်းတယ်။ မဟုတ်မခံနဲ့ပဲ။

ဘယ်ရွာ ဘယ်နယ်တွေ ရောက်သေးသလဲ။ ဘယ်သူကြီးကတော့ လူညာပဲ။ သူမပြုတ်သေးရင် သတိထား။ အင်းသားတွေဘက်က တော်တော်လိုက်တယ်။ သူတစ်ယောက်တည်း မဟုတ်ဘူး။ အင်းရှာတွေက သူကြီးတွေဟာ အားလုံးလူညာချည်းပဲ... ဆိုပြီး သူကြီးတွေအကြောင်း နိုက်နိုက်ချွတ်ချွတ်ရေးထားတာကိုလည်း ဖတ်ရှုမှတ်သားရပြန်ပါတယ်။

စာရဲ့ တစ်နေရာမှာ...

..... ကိုရင် ညောင်တုန်းရောက်တာ တနည်းအားဖြင့် ကောင်းတာပဲ။ လူလိမ်လူကောက်တွေအကြောင်း ကောင်း

mgyoe.com

mgyoe.com


ကောင်း သိသွားတယ်။ နောင် လူလိမ် လူကောက်တွေနဲ့တွေ့တဲ့အခါ ဘာမှ ဂရုစိုက်စရာ မရှိတော့ဘူး။ ညောင်တုန်းနယ်လောက် ရှုပ်တဲ့နယ်ကတော့ ခပ်ရှားရှားပဲ။ ညောင်တုန်းလို နယ်မျိုးမှာ လုပ်ခဲ့ဖူးရင် နောင်ဘယ်နယ်ကိုပဲ ပြောင်းရ ပြောင်းရ ကိစ္စ မရှိတော့ဘူး။ သည့်ပြင်နယ်က လူတွေ ညောင်တုန်းရောက်ရင်သာ ခက်တယ်။ … ဆိုပြီး ဆရာသိပ္ပံမောင်ဝက သူ့ရဲ့ အတွေ့အကြုံကို ဖွင့်ချထားပြီး–

… … ညောင်တုန်းမြို့ပေါ်မှာ ဦးဘသန်းနဲ့ ဦးဖေစိုးတို့ဟာ တော်တော်ကောင်းတဲ့ လူတွေပဲ။ ဦးဖေစိုးဆိုတာကတော့ အရှုပ်အယှက်ဆိုရင် နည်းနည်းမှ ကြိုက်တဲ့ လူမဟုတ်ဘူး။ ညောင်တုန်းအကြောင်း ရေးနေရင် ဆုံးမှာ မဟုတ်ဘူး။….

လူလိမ် လူကောက်တွေ ရှိသလို သမာသမတ်ကျတဲ့၊ မဟုတ်မခံတတ်တဲ့ လူတွေလည်း ရှိကြောင်း ရေးပြထားပါတယ်။

ဆရာသိပ္ပံမောင်ဝရဲ့ 'ခေတ်စမ်း ၂' ကို ဖတ်ရှုချင်လို့ ရှာဖွေပေမဲ့ ရတ်တရက် ရှာမတွေ့ပါ။ ဒါပေမဲ့ 'လေလံပွဲ' ကိုတော့ ရှာတွေ့ပါတယ်။ 'လေလံပွဲ' ထဲက စာပိုဒ်ကလေးတစ်ပိုဒ်ကို တင်ပြချင်ပါသေးလတယ်။

သို့နှင့်ပင် ဆယ်နာရီထိုး၏။ ထိုနောက် ဆယ်နာရီခွဲ၏။ နယ်ပိုင်မောင်လူအေး လာလေပြီ။ အားလုံးဝိုင်း၍ ကြည့်ကြ၏။ "တကယ်ဆိုးတဲ့နယ်ပိုင်" "တကယ်ကြမ်းတဲ့ နယ်ပိုင်" စသည်ဖြင့် တီးတိုးစကားပြောကြလေသည်။ (မောင်လူအေးကား ရှေးအခါက လူအေးဖြစ်သည် မှန်၏။ ယခု လူသရမ်းတွေနှင့် လုပ်နေရသောကြောင့် လူကြမ်းဖြစ်နေလေပြီ။)

ဘုံရုံကဗျာနဲ့ ပတ်သက်ပြီး ဆရာအံ့မောင် ရေးခဲ့တဲ့ ဆောင်းပါးကိုလည်း ဖော်ပြချင်ပါသေးတယ်။ အဖေ ကွယ်လွန်ပြီးမှ ရေးခဲ့တဲ့ ဆောင်းပါးလေးတစ်ပုဒ်ပါ။

mgyoe.com

mgyoe.com


မောင်ထင်ဟာ မြို့အုပ်လုပ်ခဲ့ရပေမဲ့ သည်အုပ်ချုပ်ရေး ယန္တရားစု၊ သည်အုပ်ချုပ်ရေး အာဏာစု၊ Establishment ကို နှစ်သက်ပုံ မပေါ်ပါဘူး။ ကိုယ်တိုင်နိုင်ငံရေး လှုပ်ရှားမှုထဲ ကိုယ်ထိလက်ရောက် ပါဝင် မလုပ်ကိုင်ခဲ့ပေမဲ့ သူတွေ့ခဲ့တဲ့ Establishment ဖောက်ပြန်ပုံ ပြည်သူ့ဘဝနဲ့ ဖီလာပုံတွေကို လူငယ်အများစု မြင်တတ်သလို သူမြင်ခဲ့ပုံပါပဲ။

ဒါကြောင့် သူ့ရဲ့ ဘုံရုံကဗျာများခေါ် မြို့အုပ်မင်းရကန်သရော်စာတွေမှာ ကိုလိုနီ ဗျူရိုကရေစီအုပ်ချုပ်ရေးကို ပြောင်လှောင်သရော်ထိုးနှက်ရေးသားခဲ့တာ တွေ့ရပါတယ်။

**အုံ့မောင်**
**လူငယ်တစ်ယောက်လို ခံစားခဲ့၊**
**တွေးခဲ့၊ မြင်ခဲ့တဲ့ မောင်ထင်**
**မော်ဒန် သတင်းဂျာနယ်၊**
**အမှတ် ၁၂၀၊ ဩဂုတ် ၁၊ ၂၀၀၈ (သောကြာနေ့)**

* * *

ကွယ်လွန်သွားရှာပြီဖြစ်တဲ့ ဆရာတက္ကသိုလ် မောင်ယဉ်သူကလည်း 'ရာပြည့်မောင်ထင် အမှတ်တရ စာစု' စာအုပ်ထဲမှာ ဘုံရုံကဗျာတွေနဲ့ ပတ်သက်ပြီး ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းရေးသားခဲ့ပါတယ်။ အဲဒီထဲက အကြောင်းအရာကလေးတစ်ခုကို ကောက်နုတ်တင်ပြချင်ပါတယ်။

ဒီလို မြန်မာစာပေသမိုင်းမှာ မှတ်တိုင် အခိုင်အမာ စိုက်ထူခဲ့တဲ့ ဆရာမောင်ထင်ကို စကားပြေဆရာအဖြစ်နဲ့ လူသိများကြ

mgyoe.com

mgyoe.com


ပေမဲ့ ခေတ်စမ်း စာပေခေတ် ကဗျာဆရာတစ်ဦးအဖြစ် လူသိနည်းကြမယ် ထင်ပါတယ်။ အဲဒါထက် ရကန်ကဗျာအဖွဲ့ ပုံသဏ္ဌာန်ကို ခေတ်စမ်းစာပေခေတ်က ခေတ်စမ်းကဗျာ ပုံ သဏ္ဌာန် (ဝါ) မြန်မာခေတ်ပေါ်ကဗျာ ပုံသဏ္ဌာန်တစ်မျိုးအဖြစ် ဆန်းသစ်တီထွင်ခဲ့တယ် ဆိုတဲ့ အချက်ကို ပိုပြီး လူသိနည်းကြလိမ့်မယ် ထင်ပါတယ်။ လို့

ဆရာတက္ကသိုလ်မောင်ယဉ်သူက "ကဗျာဆရာမောင်ထင်ရဲ့ လွတ်လပ်ကာရန်ကဗျာ" ဆိုတဲ့ ခေါင်းစဉ်နဲ့ ရှုမြင်သုံးသပ်သွားခဲ့ပါတယ်။

နောက်ဆုံး ကျွန်တော်ရှာဖွေတွေ့ရှိခဲ့တဲ့ ဆောင်းပါးတစ်ပုဒ်ကတော့ ကဗျာဆရာမောင်စွမ်းရည်ရဲ့ "မောင်ထင် မြို့အုပ်မင်းဆို ဘုံရုံကဗျာများ" ဆိုတဲ့ ရနံ့သစ်မဂ္ဂဇင်းထဲက ဆောင်းပါးပဲ ဖြစ်ပါတယ်။

ဆရာစွမ်းက....

ဆရာမောင်ထင်ရဲ့ ကဗျာအားလုံးဟာ လေးလုံးစပ်မှာရော အချိုးကဗျာမှာရော ဆရာမင်းသုဝဏ်ရဲ့ လေသံဟန်ပန်ပေါက်နေပါတယ်။ ဒါပေမဲ့ ဆရာက အပြောင်သမားဖြစ်လို့ ဟာသသံပါနေပြီး၊ ဆရာမင်းသုဝဏ်က အလွမ်းသမားဖြစ်လို့ လွမ်းသံပါနေတာ ခြားနားပါတယ်။ ကဗျာများ အပြောင်အပြက်ထက် အလွမ်းအဆွေးက တာရှည်ခံပါတယ်။

ဆရာထင်ဟာ ရှေးကဗျာတွေကို စွဲစွဲလမ်းလမ်း ကျက်မှတ်ခဲ့တယ် ဆိုတာကတော့ သေချာပါတယ်။ အထူးသဖြင့် "မြို့အုပ်မင်းဆို အင်းခံဝန်ပျောက်ရှာတော်ပုံ" ကဗျာဟာ ဦးကြော့ရဲ့ လင်ပျောက် ရှာပုံတော်လေအတိုင်း တုပ ရေးသားထားတာဖြစ်ပြီး။ အသံအသွားအလာ၊ ကာရန်အစပ်အဟပ်တို့ကိုပါ နိုင်နိုင်

mgyoe.com

mgyoe.com


နင်းနင်း ရေးသားထားတာ တွေ့ရပါတယ်။ လို့ ဆရာစွမ်းက သူ့ရဲ့ အမြင်ကို ရေးဖွဲ့ထားပါတယ်။ ဆက်ပြီး...

.... ... သူလည်း အပေါင်းအသင်းတွေနဲ့ ဆုံပြီး ဂျပန်ခေတ်မှာ နိုင်ငံခြားရေးဌာနမှာ လက်ထောက်အတွင်းဝန်အဖြစ် ပြောင်းလဲ အမှုထမ်းလိုက်ပါတော့တယ်။ ဒီနောက် ပြဇာတ်နဲ့ ဝတ္ထုပဲ ရေးတော့တယ်။ 'ဘာအရေးကြီးဆုံးလဲ' နဲ့ 'အာဇာနည် မိခင်ပြဇာတ်' နာမည်ကျော် 'ငဘ' ဝတ္ထုနဲ့ ဘာသာပြန်စာပေများကိုသာ ရေးနေပြီး လုံးဝ ကဗျာ မရေးတော့ပါဘူး။ မြို့အုပ်ဘဝမှာ 'စာဆိုကို လည်မျိုနင်းပါလို့။ သီချင်းသံဆိတ်သော်လည်း' ဆိုတာ ရေးဖွဲ့ခဲ့တာကို ပြန်လည် သတိရစရာပါ။ စာဆိုကို လည်မျိုနင်းလိုက်တာ အနင်းလွန်သွားရော့သလားလို့ပဲ တွေးရပါတော့မယ်။ မြို့အုပ်မင်း မသေဘဲ စာဆို သေသွားရှာပြီကော။

ဘာပဲဖြစ်ဖြစ် ကဗျာဆရာတစ်ယောက် ဆုံးရှုံးသွားခဲ့ပေမဲ့ စကားပြေဆရာတစ်ယောက်တော့ ဖြစ်လေရဲ့လို့ ဖြေရုံပါပဲ။

**မောင်စွမ်းရည်**

**မောင်ထင် မြို့အုပ်မင်းဆို ဘုံရုံကဗျာများ**

**ရန့်သစ်မဂ္ဂဇင်း၊ အမှတ် (၈၁)၊ ၂၀၀၁ ခုနှစ်။**

* * *

ခေတ်စမ်းပုံပြင်နဲ့ ခေတ်စမ်းကဗျာဆရာတွေအကြောင်း ပြောကြတဲ့အခါ အဖေမပါခဲ့တာကို သတိထားမိပါတယ်။ မကြာခဏလည်း စိတ်ထဲမှာ မေးခွန်းထုတ်မိပါတယ်။ အဲဒီမေးခွန်းရဲ့အဖြေကို ဆရာစွမ်းရဲ့ ဆောင်းပါးမှာ သွားတွေ့ရပါတယ်။

ခေတ်စမ်းပုံပြင်နဲ့ ခေတ်စမ်းကဗျာစာအုပ်တွေကို ဆရာကြီး ဦးဖေမောင်တင် ထုတ်ဝေချိန်မှာ အဖေက အပြင်ရောက်သွားပြီး မြို့အုပ် လုပ်

mgyoe.com

mgyoe.com


နေပါပြီ။ ဒါကြောင့်မို့ ခေတ်စမ်းအုပ်စုနဲ့ အဖေဟာ ခေတ်ပြိုင်ဖြစ်ပေမဲ့ သီးခြားလို ဖြစ်နေခဲ့ရတယ်လို့ ဆရာစွမ်းက ရှင်းပြထားပါတယ်။

ဆရာစွမ်းရေးတဲ့ဆောင်းပါးမှာ ဆရာမောင်ထင်ကို ခေတ်စမ်း နောက်ဆက်တွဲလို့ ခေါ်ရမလိုဖြစ်ကြောင်း၊ ဆရာထင်ကို မေးရင်တော့ 'ခေတ်စမ်းဘေးတွဲ' လို့များ ဖြေလေမလားရယ်လို့ ခပ်ရွှင်ရွှင် ရေးထား တာ တွေ့ရပြန်ပါတယ်။

ဆရာစွမ်းပြောသလို မြို့အုပ်မင်း မသေဘဲ ကဗျာစာဆို သေသွား ခဲ့ပါပြီ။

အခုအချိန်အခါမှာတော့ ကဗျာစာဆိုရော၊ စကားပြေဆရာရော၊ မြို့အုပ်မင်းပါ မရှိတော့ပါဘူး။

မြို့အုပ်မင်းရဲ့ ဘုံရုံကဗျာသက်တမ်းကို ၁၉၃၇ ခုနှစ်ကစပြီး ရေတွက်ရင် ယခုရောက်ဆဲ ၂၀၁၇ ခုနှစ်မှာ သက်တမ်းအားဖြင့် နှစ် ၈၀ ပြည့်ခဲ့ပါပြီ။ အဖေ့ရဲ့ အသက် ၁၀၈ နှစ်ပြည့်ခဲ့ပြီးတဲ့ အချိန်ဖြစ် ပါတယ်။ ယခု ၂၀၁၇ ခုနှစ်မှာ အဖေကွယ်လွန်တာ ၁၁ နှစ်တင်းတင်း ပြည့်မှာ ဖြစ်ပါတယ်။ အသက်အားဖြင့် ၁၀၇ နှစ်ပြည့်မှာ ဖြစ်ပါတယ်။

မြို့အုပ်မင်း၊ ကဗျာစာဆို၊ စကားပြေဆရာ ဆရာမောင်ထင် ကွယ်လွန်ခြင်း ၁၁ နှစ်ပြည့် အမှတ်တရအဖြစ် 'မြို့အုပ်မင်းဆို ဘုံရုံ ကဗျာ' ကို ထုတ်ဝေဖို့ စီစဉ်ဖြစ်ပါတယ်။

ကဗျာစာအုပ်အမည်။ ကဗျာမှာပါတဲ့ စာအကျအပေါက်၊ သတ်ပုံ သတ်ညွှန်းနဲ့ပါဒတွေဟာ အဖေ့ရဲ့ လက်ရေးမူအတိုင်း စီစဉ်ထားတာ ဖြစ်ပါတယ်။ ပထမအကြိမ် ထုတ်ဝေစဉ်က လွဲမှားနေတဲ့ပါဒ အချို့ကို ပြန်လည်ပြင်ဆင်ဖြည့်စွက်ပြီး ထုတ်ဝေလိုက်တာ ဖြစ်ပါတယ်။

ပထမအကြိမ် ပုံနှိပ်စဉ်ကတည်းက ကဗျာ ၁၈ ပုဒ်လို့ စီစဉ်ပေ မဲ့ ထုတ်ဝေသူက သူ့စိတ်ကြိုက် 'မြို့အုပ်မင်း တောလား ကဗျာများ'

mgyoe.com

mgyoe.com


ခေါင်းစဉ်တစ်ခု ထပ်တိုးပြီး ကဗျာ ၁၉ ပုဒ်လို့ စီစဉ်ပုံနှိပ်ထုတ်ဝေခဲ့ပါတယ်။

မူလက 'မြို့အုပ်မင်းဆို ဘုံရှုံကဗျာ' လို့ စီစဉ်ထားပေမဲ့ စာအုပ်ထွက်လာတော့ 'မြို့အုပ်မင်းဆို ဘုံရှုံကဗျာများ' ဆိုပြီး 'များ' တစ်လုံးပိုလာခဲ့ပါတယ်။

ယခု ဒုတိယအကြိမ် ပုံနှိပ်ထုတ်ဝေရာမှာ အဖေ စီစဉ်ခဲ့တဲ့အတိုင်း ကဗျာ ၁၈ ပုဒ်ကိုသာ ပုံနှိပ်ထုတ်ဝေလိုက်ပါတယ်။

ညီကိုး
အင်းစိန်မြို့နယ်
ရန်ကုန်တိုင်းဒေသကြီး။
၂၁၊ မေ၊ ၂၀၁၇။

❐

mgyoe.com

mgyoe.com



# နိဒါန်း

ကျွန်တော်တို့မိသားစုနှင့် အိမ်နီးချင်းမှာ လပွတ္တာမြို့အုပ်မင်း ဖြစ်သည်။ ကျွန်တော်သည် ကျောင်းပိတ်ရက်များတွင် ကိုယ့်မြို့ကိုယ့်ရွာသို့ ပြန်လာသောအခါ မြို့အုပ်မင်းနှင့် ရင်းနှီးလာသည်။ ကျွန်တော်တို့ နေထိုင်ရာ ရပ်ကွက်သည် မြို့၏အနောက်ဘက် အစွန်အဖျား ဆားကျင်းချောင်း ကမ်းခြေ၌ တည်ရှိသည်။ မိုးလေထန်သောအခါတွင် အရပ်ရပ်မှ လှေသမ္ဗန်များ ချောင်းထဲဝင်၍ ခိုကြသောအခါ ရပ်ဝေးမှ လာရောက်သူများ ထဲတွင် သူခိုးသူဝှက်များနှင့် ရန်ဖြစ်တတ်သူများပါသည်။ ထိုသူတို့ကြောင့် အုတ်အော်သောင်းတင်း ဖြစ်လာလျှင် မြို့အုပ်မင်းသည် ကျွန်တော်တို့ အိမ်နီးပါးချင်းများနှင့်အတူ သူခိုးလိုက်သည်။ တုတ်တပြက် ဓားတပြက် ရန်ဖြစ်ကြလျှင် မြို့အုပ်မင်းကိုယ်တိုင် အိမ်နီးချင်းတို့နှင့်အတူ ဆူပူသောင်းကျန်းသူတို့ကို ဝိုင်းဝန်းဖမ်းဆီးသည်။ ကျွန်တော်တို့ ဤကဲ့သို့ အလုပ်များနေသည့်ကြားထဲမှ မြို့အုပ်မင်းသည် ကျွန်တော့်ကို သူ့အပါးသို့ခေါ်၍ သတိပေးသည်။

"မောင်ရင်၊ တက္ကသိုလ်မှ ဘွဲ့ရရင်၊ မြို့အုပ်လုပ်ဖို့ စိတ်မကူးနဲ့နော်။ ဦးကို ကြည့်၊ မြို့အုပ်ဆိုပြီး တစ်ခါမျှ နားရတယ် မရှိဘူး၊ သူခိုး

mgyoe.com

mgyoe.com


လိုက်လည်း ပါတာပဲ၊ အရက်ဖမ်း ဘိန်းဖမ်းလည်း ပါတာပဲ၊ အမှုစစ်လည်း ပါတာပဲ၊ ထောင်ချလည်း ပါတာပဲ၊ ယုတ်စွအဆုံး လင်မယားရန်ဖြစ်တောင် ကျုပ် အငြိမ်မနေရဘူး၊ အဲဒီတော့ မောင်ရင် စိတ်ကူးမလွဲနဲ့နော်"

မြို့အုပ်မင်းသည် ကျွန်တော့်ကို တကယ့်စေတနာ အရင်းခံဖြင့် အကြံပေးနေခြင်းဖြစ်သည်။ ကျောင်းနေတုန်းမို့ ကျွန်တော် နားမလည်။ ကိုယ်တွေ့ကြုံသောအခါကျမှ မြို့အုပ်မင်း၏စကားကို အလေးမထားသောကြောင့် ဒုက္ခများရသည်ကို နောင်တရမိသည်။

ကျွန်တော်သည် ကကြီး ခခွေးကို သင်ယူစဉ်ကပင်လျှင် အလွန်စာဝါသနာပါသူဖြစ်သည်။ ပထမမှာမူ 'စာ' ကိုသာ ဖတ်ချင်သည်။ နောင်အခါ၌ 'စာပေ' ကို မြတ်နိုးလာသည်။ ထိုဝါသနာမှာ ဖခင်ထံမှ အမွေရသော ဝါသနာဖြစ်သည်။ ဖခင်သည် သူရိယသတင်းစာ တည်ထောင်စကပင်လျှင် သတင်းစာကို စာတိုက်မှ မှာယူကြည့်ခဲ့သည်။ ကျွန်တော် စာဖတ်တတ်စကပင် ဖခင်မှာသော 'စာ' များတွင် သူရိယသတင်းစာသာမက သူရိယမဂ္ဂဇင်း၊ မြန်မာ့အလင်းမဂ္ဂဇင်း၊ သံတော်ဆင့် သတင်းစာ၊ မစ္စတာမောင်မှိုင်း၏ မှာတော်ပုံများ၊ လယ်တီပဏ္ဍိတ၏ နီတိကျမ်းများ၊ ရွှေဥဒေါင်း၏ ရူပနန္ဒီဝတ္ထု၊ ရတနာပုံဝတ္ထု စသည်များ ပါဝင်သည်။ ဖခင်ဖြစ်သူသည် မစ္စတာမောင်မှိုင်း၏စာများကို အလွန်နှစ်သက်သောကြောင့် ကျွန်တော်တို့ကို အိမ်နီးချင်းများအား ပင့်ဖိတ်ခိုင်းပြီး စာပေဆွေးနွေးပွဲများကို ကျင်းပသောအခါ ကျွန်တော်သည် ငယ်ငယ်ရွယ်ရွယ်နှင့် စာပေဝန်းကျင်ထဲတွင် နစ်မြုပ်သွားလေသည်။

ကျွန်တော် မြန်မာစာပေကို ဝါသနာပါကြောင်း ယခုဂုဏ်ယူပြောဆိုနေပါသည်။ သို့သော် ရွာကျောင်းနှင့် ဘုန်းကြီးကျောင်းတို့၌ မင်္ဂလသုတ် စသည်တို့ကို သင်ယူပြီးနောက် ရှင်လူထွက် ဖြစ်လာ

mgyoe.com

mgyoe.com


သောအခါ အင်္ဂလိပ်စာနှင့် ရေစက်ဆုံပါသည်။ ကျွန်တော့်ဖခင်နှင့် တကွ ဘကြီး၊ ဘထွေး၊ ဦးလေး၊ ဦးကြီး စသူတို့သည် ကျေးလက်စာတိုက် မှူးဘဝမှ ပင်စင်ယူခဲ့သော ဆရာကြီး ဦးဖိုးထွန်းက အလွတ် ပညာသင် ကျောင်း ထောင်သောအခါ ထိုကျောင်း၌ အင်္ဂလိပ်စာကို ဆက်ပြီး သင်ယူပါသည်။ ဆရာကြီး သင်ကြားပေးသော အင်္ဂလိပ်စာမှာ အင်္ဂလိပ် ဂန္ထဝင်တွင် ထင်ရှားသော ရှိတ်စပီးယား၊ မစ်လတန် စသည်တို့၏ ပျို့၊ ကဗျာ၊ လင်္ကာ၊ ပြဇာတ်များ မဟုတ်ပါ။ မြန်မာစကားသံထွက်ကို အင်္ဂလိပ်လိုရေးနည်း၊ ငွေလွှဲစာရေးနည်း၊ ကုန်ပစ္စည်းမှာနည်း၊ သံကြိုးစာ ရေးနည်း ဖတ်နည်း စသည့် အသုံးချအင်္ဂလိပ်စာဖြစ်သည်။ ဆရာဦးဖိုး ထွန်း၏ အင်္ဂလိပ်ကျောင်းမှထွက်သော အဘဆရာခင်သည် သန်လျင် ဘီအိုစီ ဓာတ်ခွဲခန်းတွင် အလုပ်ရသည်။ ထူးချွန်သော ပါရမီရှိသူ ဆရာ ခင်သည် ဓာတ်ခွဲခန်းလက်ထောက် အလုပ်သမားအဖြစ်ဖြင့် ဆောင်ရွက် ရာ လုပ်သက် အနည်းငယ်ရင့်လာသောအခါ ကျွန်တော်တို့ ရန်ကုန် တက္ကသိုလ် ဓာတုဗေဒပညာဌာန သိပ္ပံကျောင်းသားတို့ တတ်ကျွမ်းအပ် သော ဓာတ်ဆေးအမျိုးမျိုးတို့ကို ရောစပ်စမ်းသပ်နည်း များ၌ ကျွမ်းကျင် လာသည်။ ဆရာသည် ထိုခေတ်က ရန်ကုန်မြို့၌ တည်ထောင် ထားသော ဆေးကျောင်းတွင် ပြဋ္ဌာန်းသည့် အနောက်တိုင်းသုံး ပရဆေး ဖော်စပ် နည်းတို့ကို လက်တွေ့လေ့လာ စမ်းသပ်၍ ထိုဆေးတို့ဖြင့် မိတ်ဆွေများ ကို ကုသခဲ့ရာ များစွာအောင်မြင်သည်။ ထိုအခါ ဆရာသည် ဘီအိုစီမှ ထွက်၍ မိမိဇာတိအရပ်တွင် ဆေးကုသည်။ ထိုစဉ်အခါက လပွတ္တာကို အစိုးရက မြို့ဟု ကြေညာခဲ့ပြီးဖြစ်သော်လည်း ဆေးရုံ၊ ဆေးခန်း၊ ဆရာဝန် စသည့်လိုအပ်ချက်များ မရှိသဖြင့် အဘဆရာခင်သည် မြန်မာ ဗိန္ဒော ပညာကို အနောက်တိုင်းကုထုံးတို့ဖြင့် အလိုက်သင့် အသုံးချ၍ လပွတ္တာ မြို့၌ ဆေးရုံ၊ ဆရာဝန်စသည်တို့ ပြည့်စုံ လာသည့် ခေတ်တိုင်

mgyoe.com

mgyoe.com


အောင် ရပ်ရွာကို ဆေးကုသပေးနိုင်ခဲ့သည်။ သူ၏ အောင်မြင်မှုကြောင့် နောင်အခါတွင် လာသမျှဆရာဝန်တို့သည် ဆရာ့အား အနှောင့်အယှက် မပေးဘဲ လေးစားကြလေသည်။

ထိုပတ်ဝန်းကျင်၌ ကြီးပြင်းလာသော ကျွန်တော်သည် အဘ ဆရာခင်၏ အင်္ဂလိပ်လက်ရေးလှလှကို အားကျပြီးလျှင် မြောင်းမြမြို့ အင်္ဂလိပ်မြန်မာနှစ်ဘာသာအလယ်တန်းကျောင်းတွင် တတိယတန်းမှစ၍ ပညာသင်ယူခဲ့သည်။ အမျိုးသားပညာရေး ပေါ်ပေါက်လာသောအခါ မြောင်းမြမြို့ တိုင်းရင်းသားအထက်တန်းကျောင်းမှတစ်ဆင့် ရန်ကုန်မြို့ မြို့မတိုင်းရင်းသားအထက်တန်းကျောင်းအထိ ဆက်လက်ပညာသင်ယူ ခဲ့ပြီးနောက် ရန်ကုန်တက္ကသိုလ်သို့ဝင်ခဲ့ရာ ဝိဇ္ဇာဘွဲ့ကို ရခဲ့ပါသည်။ သို့သော် ပညာရေးမှာ ရေးကကဲ့သို့ ချောမွေ့ခြင်းမရှိပါ။ မကျန်းမာ၍ ကျောင်းမှ တစ်နှစ်ခွင့်ယူခဲ့ရသည်။ ကျောင်းနှင့် အဆက်ပြတ်သောကြောင့် စာမေးပွဲမကျစဖူး နှစ်ခါကျခဲ့သည်။ ထိုကြောင့် ပညာသင်ယူရေး၌ သုံးနှစ် အလဟဿဖြစ်ခဲ့ရသည်။

စင်စစ်မှာမူ မြို့မဖခင်ကြီးဟု ကျော်ကြားသော ဆရာကြီး ဦးဘလွင်၏မှတ်ချက်ကို ကျွန်တော် ဂရုစိုက်ပြုလျှင် ကျွန်တော်သည် အသက်နှစ်ဆယ်နှင့် 'ဘီအေ' အောင်၍ အခွင့်အလမ်းအမျိုးမျိုးကို ရနိုင် လိမ့်မည်။ ဆရာကြီးက ကျွန်တော်၏ ကျောင်းထွက်လက်မှတ်တွင် ကျွန်တော့်ကို 'စာပေစိတ်ဓာတ်ရှိသူ' ဟု မှတ်ချက်ရေးပါသည်။ သို့သော် ကျွန်တော်သည် ရန်ကုန်တက္ကသိုလ်ဆေးသိပ္ပံက ချီးမြှင့်သော အမ်ဘီဘီ အက်စ် (M.B.B.S)ဘွဲ့ကို မျှော်မှန်း၍ 'ဘိုင်အိုထိုင်ဇီ' ဟု ကျော်ကြား သော ဇီဝဗေဒဘာသာတွဲကို ယူ၍ ဥပစာသိပ္ပံတန်းသို့ တက်ရောက်ခဲ့ ပါသည်။ ကျွန်တော် ကံမကောင်းပါ။ ကံမကောင်းဆိုသည်မှာ လုပ်ပုံ နေရာမကျခြင်းပင် ဖြစ်သည်။ ကံသည် အလုပ်မဟုတ်ပါလော။ မိမိ

mgyoe.com

mgyoe.com



ဝါသနာပါသော အလုပ်ကိုလုပ်လျှင် ထူးချွန်ပြောင်မြောက်နိုင်ပါသော်လည်း ခက်သောအလုပ်ကို မဖြစ်မနေလုပ်ချင်သော အကျင့်ကြောင့် စာမေးပွဲအကြိမ်ကြိမ်ကျပြီးနောက် အမ်ဘီဘီအက်စ် ဒုတိယအဆင့်သို့ ဝင်ခွင့်မရဘဲ ပထမအမ်ဘီဘီအက်စ်မှ ပြန်၍ ကျောင်းတက်ရမည့် အခြေသို့ ဆိုက်ခဲ့ပါသည်။ ဆရာဦးလူဖေဝင်းက ကျွန်တော့်စာပေဝါသနာကို အကဲခတ်၍ ဇီဝဗေဒကိုစွန့်ပြီး မြန်မာစာပေကိုယူ၍ ဥပစာဝိဇ္ဇာတန်းမှ ပြန်စရန် အကြံပေးသော်လည်း ငယ်စဉ်က အထက်တန်းကျောင်း စာမေးပွဲများတွင် ထိပ်တန်းမှနေ၍ အောင်မြင်ခဲ့ပုံသာ အမှတ်ရပြီးလျှင် ဇွဲခတ်၍ ရေဆုံးရေဖျား လိုက်မိသည်။ သို့သော် ထီပေါက်ပြီး လက်မှတ်ပျောက်နေသောကြောင့် ကျွန်တော်သည် ဖားသတ္တဝါတို့ကို ဆားမဲ့ပေးပြီးနောက် အင်္ဂလိပ်နှင့် မြန်မာစာပေတို့၌ မွေ့လျော်ကာ ကဗျာများကို ညည်းရင်း ဝိဇ္ဇာအလွယ်တကူဖြစ်လာလေသည်။

တက္ကသိုလ်စာမေးပွဲများကို မဝင်မီက ကျွန်တော်သည် ပရိယေသန ဟူသော ဝေါဟာရကို စိတ်မဝင်စားခဲ့ပါ။ ကျွန်တော့်ဖခင်ကလည်း ကျွန်တော့်ကို သည်းခံပါသည်။ သို့သော် မြောင်းမြအရေးပိုင်မင်း ဦးထွန်းရက ရန်ကုန်တက္ကသိုလ်ကျောင်းကြီးဂေဟာ ဆောက်လုပ်ရေးအတွက် ကျွန်တော့်ဖခင်ထံမှ ငွေငါးထောင်အလှူခံသောအခါ ဖခင်က "မင့်ကို ကျောင်းထားရတာ အားကြီး ပိုက်ဆံကုန်တယ်" ဟု ညည်းညူပါသည်။

ကျွန်တော်လည်း ယခုမှ "ငါ ဘာလုပ်စားရမလဲ" ဟု တွေးမိပါသည်။ အထူးသဖြင့် အိမ်ထောင်ပြုရန် အရွယ်ရောက်ပြီဖြစ်၍ အလုပ်ရှာရန် တာဝန်ကျလာသည်ကို ရေးတေးတေးနားလည်ပါသည်။ ဤအတွင်း ကျွန်တော် ပညာသင်ယူခဲ့ရာ မြောင်းမြမြို့ တိုင်းရင်းသား အထက်တန်းကျောင်းအတွက် ဆရာလိုသည်ဟု ကြားရပါသည်။ ထို့

mgyoe.com

mgyoe.com


ကြောင့် ဆရာလုပ်ရန်ကိစ္စအတွက် စုံစမ်းကြည့်သောအခါ လစာတစ်ဝက်ကို ကျောင်းသို့ ပြန်လှူလျှင် အလုပ်ရနိုင်သည်ဟု သိရပါသည်။ ကျွန်တော်တို့လို အမျိုးသား (တိုင်းရင်းသား) ကျောင်းထွက်များအဖို့ မိမိ၏ကျောင်းအတွက် အနစ်နာခံရန် အသင့်ရှိကြပါသည်။ ထို့ကြောင့် မိမိရမည့်လခ ၁၅ဝိ အနက် တစ်ဝက်ကို လှူရန် ဆရာဝင်လုပ်ပါသည်။ သို့သော်အမှန်မှာ ထုံးစံအတိုင်း ရနိုင်မည့်ငွေ ၇၅ ထဲမှ ဟိုစရိတ်သည်စရိတ် အကြောင်းပြပြီး လစာဖြတ်ပြန်သဖြင့် တစ်လ ၆ဝိ ကိုသာ လက်ခံရရှိပါသည်။

ဤအတွင်း သားကျွေး မယားကျွေးမှုတာဝန်သည် ကျွန်တော့်ဦးခေါင်းပေါ်တည့်တည့်ကျလာပါသည်။ ထိုအခါ ကျွန်တော့်အကြောင်းကို စာတ်သိဖြစ်သော သူငယ်ချင်းတို့က ပြည်နယ်အုပ်ချုပ်ရေးဝန်ထမ်းစာမေးပွဲကို ဝင်ရောက်ဖြေဆိုရန် တိုက်တွန်းကြသည်။ ထိုစာမေးပွဲမှာ မြို့အုပ်တန်းနှင့် ဝန်ထောက်တန်းနှစ်ခုပေါင်းထားသော စာမေးပွဲဖြစ်သည်။ အလုပ်အကိုင်အတည်တကျ မရှိသေးသော ကျွန်တော့်အဖို့ မြို့အုပ်လုပ်ရန် စိတ်မကူးဟုဆိုသော်လည်း ထီထိုးသလို ထိုးလိုက်ဦးမည်ဟု အကြံရ၍ ထိုစာမေးပွဲကိုဝင်ရန် မှတ်ပုံတင်ခဲ့သည်။ ထိုအခါ ကျွန်တော်၏ညီ၌ ကင်ဆာနှင့်နီးစပ်သော ဆာကိုမာ (Sarcoma) အကျိတ်ပေါက်သဖြင့် ရန်ကုန်ဆေးရုံကြီးက အိန္ဒိယပြည် ပတ္တနာမြို့ရှိ ရေဒီယမ် အင်စတီကျု (Radium Institute) သို့ သွားရောက်၍ ရေဒီယမ် အပူပေးသောနည်းဖြင့် အမြစ်ဆုံးကုသရန် ညွှန်ကြားပါသည်။ ထို့ကြောင့် ကျွန်တော်နှင့်ကျွန်တော်၏ဦးလေးများသည် ကျွန်တော့်ညီဆေးကုသရာသို့သွားကြပါသည်။ ကျွန်တော်ကား မြို့အုပ်ဝန်ထောက်စာမေးပွဲကို မဝင်နိုင်တော့ပါ။ သို့သော် မဇ္ဈိမဒေသသို့ သွားရောက်၍ မြတ်စွာဘုရားပွင့်ရာနေရာများတွင် ဘုရားဖူးခွင့်ရမည်ဖြစ်သောကြောင့်

mgyoe.com

mgyoe.com


များစွာကျေနပ်မိပါသည်။ နောက်ထပ်ဖြေဆိုရန် အခွင့်အလမ်းကျန်သေးသောကြောင့် ပေါက်သောနဖူး မထူးပါဘူးဟု ယူဆပြီးလျှင် နောက်ထပ်စာမေးပွဲကို ကျွန်တော်ဖြေဆိုလိုက်ရာ မိတ်ဆွေတို့ ယခု ဤဘုံရုံကဗျာများကို သီဆိုလိုက သီဆိုနိုင်ပါပြီ။

ဤကဗျာများကို မတော်တဆဖတ်မိသော ပရိသတ်တို့သည် ငြီးငွေ့သော ဝေဒနာကို ခံစားရသည်ရှိသော် ကျွန်တော့်အား ကရုဏာတရား ရှေ့ထား၍ ခွင့်လွှတ်ကြပါဟု တောင်းပန်ပါသည်။ ကျွန်တော်၏ အာသီသမှာ ကျွန်တော်နုစဉ်အခါက ဘဝ၏ အကောက်အကွေ့များထဲတွင် ယောင်လည်လည်ဖြစ်ခဲ့ရပုံနှင့် အခက်အခဲနှင့် ရင်ဆိုင်ရသောအခါ တလွဲဆံပင်ကောင်းသဘောဖြင့် ဇွဲနပဲကြီးပုံတို့ကို ဖော်ပြ၍ ခေတ်လူငယ်တို့ကို ဆင်ခြင်နိုင်ရန် ပြောပြလိုသော အာသီသဖြစ်ပါသည်။ ကြိုးစားပြီးလျှင် ထပ်၍ ကြိုးစားပါဟူသော အင်္ဂလိပ်ကဗျာကို သဘောကျ၍ ဇိဝဗေဒကြောင့် ကျွန်တော်စာပေဝါသနာ ပွန်းပဲ့လာသည်ကို အရှုံးမပေးဘဲ ကြိုးစားခဲ့ရာ ကြိုးစားသလောက် အောင်မြင်၏ဟုဆိုနိုင်ပါသော်လည်း လိုရင်းသို့မရောက်ခဲ့ပါ။ တိုးသင့်သောအခါ တိုးရမည်မှန်သော်လည်း ဆုတ်သင့်သည့်အခါ ဆုတ်တတ်မှ နည်းပရိယာယ်ကောင်းမည်ဟူသည်ကို ကျွန်တော် မစဉ်းစားခဲ့ပါ။ ဖြစ်ရမည်ဟု မှန်းထားသော်လည်း မဖြစ်လာသောအခါကျမှ ကံမကောင်းဟု ယူဆမိသည်။

စင်စစ်၊ ကျွန်တော် တကက်တကက်စင်လွဲခဲ့ပါပြီ။ ဖခင်သည် ကျွန်တော့်ကို သူ့ကဲ့သို့ ကုန်သွယ်လယ်လုပ်ခြင်းအတတ်၌ ကျွမ်းကျင်အောင် လယ်လုပ်သား၊ လယ်သီးစား၊ လယ်ပိုင်ရှင် အမျိုးမျိုးတို့နှင့် ရင်းရင်းနှီးနှီးပေါင်းတတ်အောင် ကျောင်းပိတ်ရက်များတွင် လယ်ထဲဆင်း၍ စပါးကဲ့ (သယ်) ခိုင်းလေ့ရှိသည်။ ထို့ကြောင့် လယ်သမားများနှင့် ရင်းနှီးစွာပေါင်းသင်းတတ်ပါသည်။ ဖခင်၏လယ်တွင် စပါးထမ်းသူ ကော်ရင်ဂျီ

mgyoe.com

mgyoe.com


လုပ်သားများ၊ မြေတူးသူ အူရီးယားလုပ်သားများ၊ ကရင်၊ မွန်၊ ရခိုင်၊ မြန်မာအမျိုးသားလယ်သီးစားများနှင့် ချစ်ကြည်ရင်းနှီးစွာ ပေါင်းသင်းတတ်ပါသည်။ ဖခင်သည် လက်အောက်ငယ်သားတို့နှင့် ရှိအတူ မရှိအတူ ရက်ရောစွာ ပေးကမ်း၍ ဆက်ဆံသည်။ ရိုးရိုးဖြောင့်ဖြောင့် အလုပ်လုပ်သည်။ သာရေးနာရေးတို့တွင် သူ၏လုပ်သားများအတွက် ရက်ရောစွာ ကူညီသည်။ ဤကဲ့သို့သော သမာဓိတရားတို့ကြောင့် သူ၏လယ်သမားများသည် ရိုးဖြောင့်သော ဂုဏ်ရှိသည်။ တောသူ တောင်သားလယ်သမားမှန်သမျှ သူတော်စင်ချည်း မဟုတ်ပါ။ ကျွန်တော်နှင့်အတူစပါးသိမ်းအလုပ်ကို လုပ်ကြရသော လယ်သမားများထဲတွင် အရက်သမား၊ ဖဲသမား၊ ဘိန်းစားများ ရှိသင့်သလောက်ရှိပါသည်။ သို့သော်ထိုသူတို့သည် ယေဘုယျအားဖြင့် လိမ်လည်ကောက်ကျစ်သူများ မဟုတ်ကြပါ။ ထို့ကြောင့် ကျွန်တော်သည် ဖခင်စေခိုင်းသောလုပ်ငန်း၌ များစွာအဆင်ပြေပါသည်။

သို့သော် မြို့အုပ်မင်းချီတက်ရာလမ်း၌ ခလုတ်တံသင်းပေါသည်။ အခန့်မသင့်လျှင် မလိုသူတို့ ထောင်ထားသော ကြောင့်ကို နင်းမိနိုင်သည်။ မြို့အုပ်မင်းလျှောက်သော လမ်းကို အဝေးမှ ကြည့်လျှင် ပန်းမွေ့ရာခွေကော်ဇောခင်းထားသည်ဟု ထင်ရသည်။ သို့သော် အနီးကပ်ကြည့်လျှင် အနိဋ္ဌာရုံကို အများဆုံးမြင်တွေ့ရသည်။ ကျောင်းဆင်းစ အစိမ်းသက်သက် လူငယ်များအဖို့ ထိုအနိဋ္ဌာရုံတို့သည် အမှောင်တိုက်များဖြစ်သည်။

အခွန်ရှောင်ခြင်း၊ အကြွေးမဆပ်လို၍ အချင်းချင်းလိမ်ကောက်ခြင်း၊ ညစ်ပုပ်ကပ်ကျယ် ဆက်ဆံရေးကြောင့် အချင်းချင်း တုတ်တပြက်ဓားတပြက် ရန်ဖြစ်ခြင်း၊ လယ်မပျက်ဘဲ လယ်ပျက်လျှောက်ခြင်း၊ အရက်ပုန်းချက်ခြင်း၊ ဖဲဝိုင်းထောင်ခြင်း၊ ကြက်တိုက်ခြင်း၊ သံကြိုးဝိုင်းထဲမှ သစ်ကို

mgyoe.com

mgyoe.com


ခိုးခုတ်ခြင်း စသောအမှုပေါင်းသောင်းခြောက်ထောင်ကို ရုတ်တရက် တွေ့ရသော မြို့အုပ်ပေါက်စအဖို့ ဤမြို့အုပ်၊ ဤသူကြီး၊ ဤဆယ်အိမ်ခေါင်း၊ ဤပုလိပ်၊ ဤဂါတ်စာရေး၊ ဤယစ်မျိုး၊ ဤမြေတိုင်းစာရေး၊ ဤပြာတာ၊ ဤရုံး၊ ဤတရားလို၊ ဤတရားခံ၊ ဤရွာသားတို့သည် အချင်းချင်းအံဝင်ခွင်ကျဖြစ်နေသောကြောင့် ဤအင်္ဂလိပ်အရှင်သခင် အစိုးရမင်းတို့သည် ကြီးပွားနေကြလိမ့်ဦးမည်ဟု ကျွန်တော်တွေးမိသောအခါ တခစ်ခစ်နှင့် ကျိတ်ရယ်လိုက်ရာ ရယ်သံကို မတော်တဆ လူကြားသွားလေသည်။

ဗြိတိသျှတို့ မြန်မာနိုင်ငံကို သုံးကြိမ်သုံးလီကျူးကျော် တိုက်ခိုက်သိမ်းပိုက်ပြီးသည့်နောက် အစိုးရဂေဇက်ဝင် (Gazetted Officer) အရာရှိများ နယ်လှည့်၍ အုပ်ချုပ်ရေးကိစ္စတို့ကို ဆောင်ရွက်ရန် ဘန်ဂလို (Bungalow)ဟူသော တည်းခိုစရာအိမ်များကို မြို့နယ် အနှံ့အပြားတွင် လိုသလောက် ဆောက်လုပ်ပေးသည်။ ယင်းအဆောက်အအုံများကို ဧရာဝတီမြစ်ဝကျွန်းပေါ် အောက်ပိုင်းကျေးရွာလူထုက 'ဗိုလ်တဲ'ဟု ခေါ်သည်။ အလယ်ပိုင်းဒေသတို့၌မူ 'ဗိုလ်ရုံ'ဟု ခေါ်သည်ကို ကျွန်တော်သိရသည်။ ဤ 'ဗိုလ်' ဟူသော ဝေါဟာရမှာ ပါဠိလို 'ဗလ' ဟူသော ဝေါဟာရမှလာသည်။ မူရင်းအဓိပ္ပာယ်မှာ 'စွမ်းအား'ဖြစ်သည်။ ဦးစီးခေါင်းဆောင်အဖြစ် ဆောင်ရွက်နိုင်သူကို စွမ်းအားသတ္တိနှင့် ပြည့်စုံသူဟု မှည့်ခေါ်သည်။

ဤသဘာဝကြောင့် ပါဠိ 'ဗလ' သည် မြန်မာ 'ဗိုလ်' ဖြစ်လာသည်။ ဗိုလ်ဟူသည်မှာ အင်္ဂလိပ်ကို ဆိုလိုရင်း မဟုတ်ချေ။ မြန်မာနိုင်ငံကို အင်္ဂလိပ်တို့ မရောက်မီကပင်လျှင် ဗိုလ်ဟူသောဝေါဟာရသည် ရှိနှင့်ပြီးဖြစ်သည်။ နောင်အခါ ကာကွယ်ရေးလုပ်ငန်းနှင့် ပတ်သက်လာသောကြောင့် သေနင်္ဂဗျူဟာကိစ္စနှင့် ညီအောင် စစ်ဝေါဟာရအနေဖြင့်

mgyoe.com

mgyoe.com


ဗိုလ်ကြီး၊ ဗိုလ်မှူး၊ ဗိုလ်ချုပ် စသဖြင့် သမိုင်းအဆက်ဆက်တွင် အမည်ပေးလာကြသည်။ ဇာစ်မြစ်ကို ပြောရသော် မှူထမ်း ရာထမ်း ဦးစီးခေါင်းဆောင်တို့ တည်းခိုရန် အဆောက်အအုံကို 'ဗိုလ်တဲ' ဟု ခေါ်ရာမှ 'ဗိုလ်ရုံ' ဖြစ်လာသည်ဟု ဆိုနိုင်စရာ အကြောင်းရှိသည်။ စင်စစ်လူတကာ အများသုံးပစ္စည်းကို ဘုံပစ္စည်းဟုခေါ်နိုင်လျှင် 'ဗိုလ်ရုံ' ကို ဘုံရုံဟု အမည်မပေးနိုင်စရာ အကြောင်းမရှိချေ။ ဤသို့ တွေးမိသောကြောင့် 'ဗိုလ်တဲ' သို့မဟုတ် 'ဗိုလ်ရုံ' မှာ တည်းခိုရင်း အပျင်းပြေကဗျာစပ်သည်ကို အကြောင်းပြု၍ ကျွန်တော်က 'ဘုံ' ဟူသော ဝေါဟာရကို အစွဲပြုပြီးလျှင် 'ဘုံရုံကဗျာ' ဟု မှည့်ခေါ်ခဲ့သည်။

စင်စစ် ဤကဗျာများသည် ကျွန်တော်ဝါသနာမပါဘဲ ဝမ်းရေးကို ငဲ့ပြီး အလုပ်လုပ်နေရသဖြင့် မိမိကိုယ်မိမိ စိတ်တိုင်းမကျသောကြောင့် မိမိကိုယ်ကို မိမိလှောင်ပြောင်ရင်း ဟာသဓာတ်ခံဖြင့် တစ်ကိုယ်တည်းညည်းသောကဗျာများဖြစ်သည်။ သို့သော် တစ်ဦးသော မြေတိုင်းစာရေးက လူထုဦးလှ၏ကြီးပွားရေးမဂ္ဂဇင်းတွင် ဖော်ပြသော "ကွန်ပါကြိမ်းကြိမ်းခြင်း" ကဗျာကို ကျွန်တော့်ထံ လာရောက်၍ စောဒကတက်ပါသည်။ ထိုအခါ ကျွန်တော်က "အဆိုပါကဗျာသည် ပုဂ္ဂလဓိဋ္ဌာန်ဖြင့်ရေးသားသော ကဗျာ မဟုတ်၊ ဖြစ်တတ်ပျက်တတ်သော ဓမ္မဓိဋ္ဌာန်ကိုရည်စူး၍ ရေးပါသည်။ ရကန်ဆန်သော စာမျိုးကို မတွေ့ဖူးလျှင် တလွဲထင်တတ်ပါသည်" ဟု ရှင်းလင်းပြောပြခဲ့ရပါသည်။ ဤရှင်းလင်းချက်ကို သူ ကျေနပ် မကျေနပ် ကျွန်တော် မသိပါ။ သို့သော် သူ့ကို အများကြီးအားနာသွားပါသည်။ ထို့ကြောင့် ဒုတိယကမ္ဘာစစ် ဂျပန်စစ်အုပ်ချုပ်ရေးခေတ်တွင် လက်ပံတန်းသူ 'ခင်' က ကျွန်တော့်ကို အားပေး အားမြှောက်ပြုခဲ့သော်လည်း ဘုံရုံကဗျာကို ဆက်၍မရေးနိုင်တော့ပါ။ ထိုအခါကျွန်တော်မြို့အုပ်ဘဝမှ ဝင့်ကျွတ်ခဲ့ပါပြီ။ နောင်အခါတွင် မိတ်ဆွေ

mgyoe.com

mgyoe.com



များက အကြိမ်ကြိမ် တိုက်တွန်းပါသော်လည်း မြန်အောင်မြို့မှ မြေတိုင်းစာရေးကို အားနာသောစိတ်မှာ မပျောက်ခဲ့ပါ။ သို့သော် စာပေဝါသနာရှင်တို့သည် ရကန်အဖွဲ့ဖြင့် အမြီးအမောက်မတည့်သော လောကကြီးကို အတွင်းကျိတ်ရယ်တတ်ကြသည်ဖြစ်ခြင်းကြောင့် ကျွန်ုပ်၏ မြေတိုင်းစာရေးသည် သူ၏အတိတ်ကာလထဲမှနေ၍ ကျွန်ုပ်အား တခစ်ခစ်နှင့်ရယ်နေလိမ့် ထင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်တော်သည် သူ့ကို ရယ်စရာဟု သဘောမထားနိုင်ပါ။ ကျွန်တော်သာလျှင် သူ့အတွက် ရယ်စရာဖြစ်နေပါလိမ့်မည်။ သူရယ်လျှင် ကျွန်တော် အပြစ်မဆိုပါ။ စာဖတ်သူတို့သည်လည်း ကျွန်တော့်ကို ဝိုင်း၍ "ဟား" နိုင်ပါသည်။

မောင်ထင်
အင်းစိန်မြို့
၂၅၊ မေ၊ ၂၀၀၀။

❒

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



## ၁။ မြန်မာပြည် အုပ်ချုပ်ရေး

၁
ဆယ်အိမ်ခေါင်းခြွေအရံ၊
နှစ်လုံးပြူးသေနတ်ထမ်းပါလို့၊
တောလမ်းကပြန်။
လက်စွဲတဲ့ဥပဒေလှန်၊
ဟန်ပန်နှင့်လေး။
'ကျေးရွာအက်[၁]' အမှုပွဲတယ်၊
ဆယ့်နှစ်ထွေသံစုံတီးပါလို့၊
သူကြီးတဲ့လေး။ ။

၂
လူခွန်တော်အလွတ်ထားလို့၊
ဆယ်အိမ်စားပိုင်အခြေ။
ကြက်ဝိုင်းဆိုလက်ကိုတို့ပါဗျာ၊
မူးလို့ရယ်နေ။
ကွမ်းဖိုးငွေ

၁။ Burma Village Act

mgyoe.com

mgyoe.com


ဝေစုကွဲရအောင်တောင်း။
ဥပဒေဘာမတတ်သော်လည်း
မှူပွေအောင် ရွာကိုပတ်နိုင်ရဲ့၊
ဘယ်ဇာတ်ဘယ်လိုခင်းလိုက်မယ်၊
မင်းဆယ်အိမ့်ခေါင်း။ ။

၃
သတ္တိဆို ဘာမရှိသော်လည်း
မိုက်ပါဘိငါ့ကိုယ်။
ခွေးမှန်လျှင် လူမမှတ်ပါဘူး၊
ရိုက်တတ်သူဗိုလ်၊
မူးတယ်ဟေ့ ရဲရင်ဆို၊
'မအေ' ကို ကော်ဆဲ။
လက်ထိတ်ကို အဖော်ထားတယ်၊
တောသားတဲ့ဘဲ။ ။

**ယုံ တမ်း စကား**

ဤသို့လျှင် ဤသူကြီး၊ ဤဆယ်အိမ်ခေါင်း၊ ဤရွာသားတို့သည် စည်းဝါးအံကိုက်၍နေလေသောကြောင့် မြန်မာပြည်ကြီးသည် တစ်နေ့တခြား ကြီးပွားတိုးတက်၍ လာလေသတည်း။

၁၆၊ ဇူလိုင်၊ ၁၉၃၇။
မြန်အောင်

❒

mgyoe.com

mgyoe.com


## ၂။ တိုင်းခန်းလှည့်လည်ခြင်း

တအိအိလျှင်
နွားနီနှင်မောင်း
လှည်းယဉ်အောင်း၍
စွတ်ကြောင်းထင်ရာ
လိုက်လျက်ပါသည်၊
ငါကိုယ်တော်မြတ်
ဖတ်ဖတ်ဆာမော
ခါးကြောမျက်မျက်
ခြင်မှက်ကိုက်ကိုက်
တုံးတိုက်ကမ်းပဲ့
နယ်ကိုလှည့်သည်
အို ဘယ့်အိမ်ရှင်မြင်စေချင်။ ။

၁၈၊ ဩဂုတ်၊ ၁၉၃၇။
မြန်အောင်

❐

mgyoe.com